
မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

***Enjoy free reading from B.C.F. ___ Volume 18 / Issue 4 / April / 2025***




***May this Easter Sunday inspires you to***

***New Hope, Happiness, Prosperity***

***and abundance,***

***all received through God's divine grace.***

## *2025 April, Sunday Worship Programs:*

**APRIL** 2025

| SUNDAY | MONDAY | TUESDAY | WEDNESDAY | THURSDAY | FRIDAY | SATURDAY |
|---|---|---|---|---|---|---|
| | | 1 | 2 | 3 | 4 | 5 |
| 6 | 7 | 8 | 9 DAY OF VALOR | 10 | 11 | 12 |
| 13 | 14 | 15 | 16 | 17 MAUNDY THURSDAY | 18 GOOD FRIDAY | 19 BLACK SATURDAY |
| 20 EASTER SUNDAY | 21 | 22 | 23 | 24 | 25 | 26 |
| 27 | 28 | 29 | 30 | | | |

***April 6, 2025 … Holy Communion Sunday***

***April 13, 2025 … Palm Sunday Service***

***April 20, 2025 … Easter Sunday Worship Service***

***April 27, 2025 … Regular Sunday Worship Service***

---

*Worship Place*
*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

*Worship Service*
*Sunday Worship (Sunday) 2:00 PM*
*Sunday school (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Prayer Meeting …. Every Saturday, 2:00 PM*

## *Celebrate and Worship the resurrection of The Lord*
## *2025 Easter Events*

### *Hosanna in the Highest*





***April 13, 2025***
***2:00 PM***
***at***
***Burmese Christian Fellowship Church***
***1337 Farmstead Ave. La Puente, CA 91745***

### *Combined Maundy Thursday Service*




***April 17, 2025***
***7:00 PM***
***at***
***Burmese Christian Church Covina***
***1551 E Old Badillo St. Covina, CA 9172***

### *Combined Easter Sunrise Service*



***April 20, 2025***
***6:00 AM***
***at***
***Granada Park***
***2233 Whitney Dr. Alhambra, CA 91803***

### *Happy Easter Service*



***Hallelujah!***

***April 20, 2025***
***2:00 PM***
***at***
***Burmese Christian Fellowship Church***
***1337 Farmstead Ave. La Puente, CA 91745***

# ကရာနီကုန်းရဲ့ မေတ္တာရှင်

➢နိုင်လင်း➣



♥

ဆူးပင်နှင့်ရက် ဦးရစ်ကိုတင် ဒဏ်ချက်ရာများ
ကျောပြင်ပေါ်ဝယ် ထွန်ကြောင်းသဖွယ် သွေးတွေစီးထွက်
မြေမှာခပြီး ကြွေကာကျလျက် ဂေါလဂေါသ ထိုနေရပ်မှ
အပြစ်ထုထပ် လူသားများတွက် သူ့အသက်ခြွေ
သံလုံချက်ရာ အသက်သွေးဖြင့် ပေးဆပ်ခဲ့သူ
ကယ်တင်အရှင် မေရှိယသခင်။

♥ ♥

ပြစ်နွံထဲတွင် ကျင်လည်ကျက်စား လောကီသားတွက်
ပျက်သုန်းခြင်းကား ပုလ္လင်ထက်ဝယ် သိုးငယ်ပမာ သက်စွန့်ပေးကာ
ကယ်တင်ဖို့ရန် စောင့်စားမျှော်လင့် ရှင်သခင်အား လက်ခံယုံလျှင် ဗတ္တိဇံခံ
ကောင်းကင်နိုင်ငံ ရွှေပြည်တော်တွင် ဝင်စားရမည် မေတ္တာတော်ရှင် မိန့်မှာခဲ့ပြီ။

♥ ♥ ♥

လက်နှစ်ဖက်တွင် သံမှိုထုနှက် ညှင်းပန်းနှိပ်စက် နှိမ့်ချခြင်းခံ
ပြင်းထန်လှတဲ့ ရက်ရက်စက်စက် ရိုက်ချက်တွေနဲ့ မျက်နှာထက်တွင်
ရုပ်လွှာပျက်စီး အသွေးသွန်းလျက် ကရာနီကုန်း သစ်တိုင်ထက်မှာ
အပြစ်သားတွက် ဝေဒနာခံ ကားတိုင်ထမ်းကာ လျှောက်လှမ်းခဲ့ပြီ။

♥ ♥ ♥ ♥

အဆုံးမဲ့ချစ် နှလုံးအိမ်တွင်း စီးဆင်းယိုစိမ့် ချစ်မေတ္တာဖြင့်
နာကျင်ခံစား သက်တော်ချုပ်ရာ စိတ်အာရုံတွင် ထင်မှတ်စွဲလမ်း
ကားစင်တင်၍ အဆုံးစီရင် မေတ္တာရှင်ရဲ့ ကားတိုင်ထက်မှာ သူ့ကရုဏာ
ကြင်နာတရား ခံစားပြီးလျှင် ခရီးကြမ်းတွင်း ဆူးခင်းလမ်းမှာ ခိုင်မာစွဲမြဲ
ဘယ်ညာမလွဲ ခြေတော်ရာတိုင်း ယေရှုရှင်ကို နာခံလျှောက်လျက် သက်ရှင်ကြစို့။

# မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

## 24 Hour Easter Prayer Chain




**ဧပြီလ၊ ၁၈ ရက်၊ ၂၀၂၅ သောကြာနေ့၊ ညနေ ၆း၀၀ နာရီ**

**မှ**

**ဧပြီလ၊ ၁၉ ရက်၊ ၂၀၂၅ စနေနေ့၊ ညနေ ၆း၀၀ နာရီ**

အမည် ____________________________

အချိန် ____________________________

## ဆုတောင်းပေးရန်အချက်များ

### က။ ကျေးဇူးတော်ချီးမွမ်းရန်

– ကျွန်ုပ်တို့၏အပြစ်များဖြေလွှတ်စေရန် ယေရှုခရစ်တော်မှ အသက်တော်စွန့်ပေးတော်မူသည့်အတွက် အဖဘုရားသခင်အား ကျေးဇူးတော် ချီးမွမ်းရန်၊

– ယနေ့တိုင် အသက်ရှင်ထမြောက်တော်မူသော ယေရှုခရစ်တော်၏ကယ်တင်ခြင်းအတွက် အဖဘုရားသခင်အား ကျေးဇူးတော် ချီးမွမ်းရန်၊

– နေ့စဉ်အသက်တာ၌ ကွယ်ကာစောင့်ထိန်း ပို့ဆောင်တော်မူသောကျေးဇူးတော်ကို ချီးမွမ်းရန်၊

### ခ။ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဆုတောင်းရန်

(၁) မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော် (BCF) အား၊ (၄၈)နှစ် တိုင်အောင် ကောင်းကြီးပေး ပို့ဆောင်တော်မူခြင်းနှင့် ကိုယ်ပိုင်အသင်းတော်အဆောက်အဦး၌ ပို၍စည်းလုံးညီညွတ်စွာ ပါဝင်ဆက်ကပ်နိုင်ကြစေရန်။

(၂) အသင်းတော်၏သင်းအုပ်ဆရာကြီးနှင့်မိသားစု၊ လက်ထောက်သင်းအုပ်နှင့်မိသားစု၊ အခြားဆရာ၊ဆရာမများနှင့်မိသားစုများ အတွက်။

(၃) အသင်းတော်၏အသင်းထောက်များ၊ အမှုဆောင်အဖွဲ့ဝင်နှင့် လုပ်ဖော်ဆောင်ဖက်များ၊ အသင်းသူ၊အသင်းသားများနှင့် မိသားစုများအတွက်။

(၄) အခြားမြန်မာအသင်းတော်များနှင့် မိတ်သဟာယဖွဲ့ခွင့်၊ ပူးတွဲဆောင်ရွက်ခွင့် ပိုမို ရရှိခြင်းဖြင့် ဝိညာဉ်ခွန်အားတိုးပွားပြီး ဘုရားသခင်၏ဘုန်းတော် ပိုမိုထင်ရှားစေရန်။

(၅) မိမိနှင့်သက်ဆိုင်သော မိသားစုဝင်များ၊ ရပ်နီးရပ်ဝေးနှင့် အခြားနိုင်ငံများ၌ ရှိကြသော ဆွေမျိုးသားချင်းများ၊ အသိမိတ်ဆွေ၊ ဓမ္မမိတ်ဆွေများအတွက်။

(၆) ကယ်လီဖိုးနီးယားတွင် မိုးကောင်းမွန်စွာ နှင့် လုံလောက်စွာ ရွာသွန်းသည့်အတွက် ကျေးဇူးတော် ချီးမွမ်းရန်။

### ဂ။ မြန်မာနိုင်ငံအတွက် ဆုတောင်းရန်။

(၁) မြန်မာနိုင်ငံရှေ့ရေးအနာဂါတ် နှင့် တိုင်းသူပြည်သားများအားလုံးအတွက်၊

(၂) အဖမ်းခံရသူများ နှင့် ဆင်းရဲဒုက္ခအသီးသီး ခံစားနေရသောသူများအတွက်၊

(၃) ငြိမ်းချမ်းသာယာ၍ တရားမျှတပြီး စည်းလုံးညီညွတ်သော ပြည်ထောင်စုမြန်မာနိုင်ငံ ဖြစ်လာစေရန် နှင့် ကမ္ဘာ့အဆင့်မှီ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(၄) တိုင်းနှင့်ပြည်နယ်များတွင် မြန်မာနှင့်တိုင်းရင်းသားလူမျိုးစုများအားလုံး စည်းလုံးညီညွတ်စွာ မေတ္တာထားနိုင်ကြစေရန်နှင့် နယ်စပ်ဒေသများအပါအဝင် တနိုင်ငံလုံးတွင် ငြိမ်းချမ်းရေးနှင့်ပြန်လည်သင့်မြတ်မှုရရှိစေရန်၊

(၅) မြန်မာနိုင်ငံခရစ်ယာန်သာသနာလုပ်ငန်းများ၌ အမှုတော်ဆောင်ရွက်လျက်ရှိကြသော ဓမ္မအမှုတော်ဆောင်များနှင့်မိသားစုများ ကျန်းမာစွာနှင့်လုံခြုံစွာ အမှုတော်မြတ်ကို ထမ်းနိုင်စေရန်အတွက်၊

(၆) မြေငလျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးများ အောင်မြင်ပါစေကြောင်း ဆုတောင်းပါ။

(၇) မြန်မာနိုင်ငံပြည်သူ/သားများ ထာဝရအဖဘုရားသခင်နှင့်သခင်ယေရှုကို ယုံကြည်လက်ခံသူများ တိုးပွားလာ၍ လွတ်မြောက်ခြင်း ရရှိစေရန်၊

### ဃ။ အမေရိကန်နိုင်ငံ အတွက် ဆုတောင်းပါ။

(၁) အမေရိကန်အစိုးရ အတွက်၊

(၂) ငြိမ်းချမ်းသာယာသောနိုင်ငံအဖြစ် ရပ်တည်နိုင်ရန်နှင့် ဘုရားသခင်ကို ဦးထိပ်ထားသောနိုင်ငံ ဖြစ်စေရန်အတွက်၊

(၃) နိုင်ငံသူ နိုင်ငံသားများ၏ လူမှုရေး၊ စီးပွားရေး၊ စာရိတ္တမြင့်မားစေရန်အတွက်၊

(၄) အနာဂတ်လူငယ်ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေရန်အတွက်၊

### င။ အခြားနိုင်ငံများအတွက် ဆုတောင်းပါ။

(၁) စစ်မက်ဖြစ်ပွားနေသောနိုင်ငံများ၊ တင်းမာမှု ဖြစ်ပွားနေသောနိုင်ငံများတွင် ငြိမ်းချမ်းရေး နှင့် ပြန်လည်သင့်မြတ်မှုရှိစေရန်အတွက်၊

(၂) ဘာသာရေး နှင့် နိုင်ငံရေးအစွန်းရောက်သူများ၏အန္တရာယ်များမှ ကာကွယ်စောင့်ထိန်းခြင်းအတွက်၊

## စ။ <u>မြန်မာခရစ်ယာန်အသင်းတော်များ အတွက် ဆုတောင်းပါ။</u>

(၁) လူငယ်များနှင့် ဥပုဒ်စာဖြေသင်တန်းကလေးသူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ နှင့် ဝိညာဉ် ရေးဖွံ့ဖြိုးတိုးတက်ပြီး စံပြခရစ်ယာန်ခေါင်းဆောင်များ၊ အိမ်ထောင်ရှင်များ ဖြစ်လာစေရန်အတွက်၊

(၂) ပညာသင်ကြားလျက်ရှိကြသော ကျောင်းသူ၊ ကျောင်းသားများမှ ဘုရားသခင်ကို ဦးထိပ် ထားပြီး ထူးချွန်စွာ အောင်မြင်၍ ရည်မှန်းချက် ပြည့်မီရန်အတွက်၊

(၃) သက်ကြွယ်သူများ ဘုရားသခင်ကျေးဇူးတော်ကို ကိုယ်စိတ်နှလုံးဝိညာဉ်၌ ပိုမိုခံစားနိုင်စေရန်အတွက်၊

(၄) နာမကျန်း ဖြစ်နေကြသူများ လျင်မြန်စွာ ပြန်လည်ကျန်းမာလာပြီး ကျေးဇူးတော်ချီးမွမ်းနိုင်စေရန်အတွက်၊

(၅) အလုပ်အကိုင်ရှာဖွေနေကြသူများ စိတ်ချခိုင်မြဲကောင်းမွန်သောအလုပ်အကိုင် ရရှိစေရန် အတွက် နှင့် မိသားစု၏လူမှုရေး၊ ဝိညာဉ်ရေး တိုးတက်စေရန်အတွက်။

(၆) တနင်္ဂနွေနေ့တွင် အလုပ်ဆင်းနေရသူများ အသင်းတော်၊ ယုံကြည်သူများနှင့် ပုံမှန်ဝတ်ပြုစည်းဝေးတက်ရောက်နိုင်စေရန်အတွက်၊

(၇) တက္ကသိုလ်တွင် မြန်မာနိုင်ငံမှလာရောက်၍ ပညာဆည်းပူးနေကြသူများအတွက်၊

## ဆ။ <u>သင်ထည့်သွင်း တောင်းခံလိုသော ဆုတောင်းချက်များ။</u>

(၁) ရာဇဝတ်ပြစ်မှုများ များပြားလာနေခြင်းကြောင့် လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာစေရေးအတွက်၊

(၂) ယုံကြည်သူအပေါင်းတို့၏ စည်းလုံးညီညွတ်စွာ ဆုတောင်းခြင်း၊ ကူညီမစ၊ ပြုစုခြင်း အားဖြင့် ဘေးဒုက္ခပေါင်းစုံ ခံစားနေရသောကမ္ဘာသူ၊ ကမ္ဘာသားများအတွက် ဘုရားသခင်၏ချစ်ခြင်း မေတ္တာအလင်းကို သက်သေခံနိုင်စေရန်၊

(၃) ကမ္ဘာတဝှမ်းလုံး သဘာဝဘေးအန္တရာယ် နှင့် ကပ်ရောဂါဘေးတို့ကို အောင်မြင်စွာ ရင်ဆိုင်ကျော်လွှား၍ စီးပွားရေး၊ လူမှုရေးတို့တွင် ပြန်လည်ထူထောင်အတွက်စေရန်၊

(၄) –––––––

(၅) –––––––

(၆) –––––––

(၇) –––––––



# BURMESE CHRISTIAN FELLOWSHIP

# 24 HOUR EASTER PRAYER CHAIN




6:00pm Friday, April 18, 2025
to
6:00pm Saturday, April 19, 2025

**Name** ______________________________

**Time** ______________________________

## <u>Easter Prayer Requests:</u>

**A. <u>Give Thanks</u>**

1. Give thanks to God for the redemption of our sins by Jesus Christ in sacrificing His life for us.
2. Give thanks to God for the resurrection of Jesus Christ.

**B. <u>Praise and Thanksgiving</u>**

1. Praise and thank God for His blessings in guiding us through 48 years with our own church building to serve and glorify Him more efficiently.
2. Pray for our Senior Pastor and family and for associate pastors and families.
3. Pray for our deacons, E. C. members, co-workers, and church members and families.
4. Pray for our fellowship and co-operations with other Myanmar churches to serve and glorify God more in the future.
5. Pray for yourself and family members, relatives and friends in USA and other countries.
6. Thank God for sufficient rain in California this year.

**C. Pray for Myanmar**

1. Pray for the future road map of Myanmar and all its inhabitants.
2. Pray for all those who are detained and facing all kinds of difficulties.
3. Pray for peace and justice to prevail in the Union of Myanmar and be able to achieve standard and prosperity.
4. Pray for the love and reconciliation among Myanmar and all ethnic nationalities in divisions and states including Myanmar border areas.
5. Pray for all those in the Lord's Ministry and their families for health and security in their Christian Mission Work.
6. Pray for our related churches and mission organizations.
7. Pray for the successful rehabilitation and reconstruction of the damages caused by the earthquake.
8. Pray for people in Myanmar knowing the Living God and accept Jesus Christ as their Lord and Savior.

**D. Pray for USA**

1. Pray for the government of USA.
2. Pray for peace and stability in the country.
3. Pray for the welfare and security of the people.
4. Pray for the younger generation to be good future leaders and raise ideal families.

**E. Pray for other countries**

1. Pray for peace and reconciliation in all countries that have political and social turmoil and problems, especially the Middle East, Far East and Europe
2. Pray for the protection from the dangers of religious and political extremists.

**F. Pray for Burmese Churches**

1. Pray for the physical, intellectual, and spiritual growth of church youths and children to become future Ideal Christian leaders and families.
2. Pray for the students in schools and colleges to put God first in life and be successful for a promising career.
3. Pray for the elderly people to have a peaceful life with love, care, and concern.
4. Pray for the sick and suffering to recover soon and praise God.
5. Pray for those seeking employment to get better jobs and a secure family life.
6. Pray for those working on Sundays to have time for church fellowship.
7. Pray for scholars from Myanmar coming to study here at Bible Colleges and Seminaries.

**G. Any other prayer requests to be included**

1. Pray for security of residents in California where crimes are on the rise.
2. Pray for believers throughout the world to be united in prayer, love, hope and care to witness the love of God in a suffering dying world.
3. Pray for all those suffering from natural disasters and also for the success to overcome epidemics and achieve economic recovery.
4. ----------
5. ----------
6. ----------
7. ---------

